**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၃၀)ရက်။

သို့

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျာ

ကျွန်တော်များ Myanma Agricultural & General Development Public Co., Ltd. သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) ၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ကုမ္ပဏီ (Registered Company)တစ်ခု ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မှတ်ပုံတင်ကုမ္ပဏီ ဖြစ်ပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့အများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာများအား လွယ်ကူချောမွေ့စွာ အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းမှ ချမှတ်ထားသော Dematerialization process (လက်ဝယ် ကိုင်ဆောင်ထားသော အစုရှယ်ယာ လက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်) အား လုပ်ဆောင်ရမည့် အချိန်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထို့ကြောင့် အစုရှယ်ယာရှင်များအနေဖြင့် CB Securities Ltd. ရုံးချုပ်သို့ ဆက်သွယ်၍ လည်းကောင်း၊ နီးစပ်ရာ CB Bank PCL ဘဏ်ခွဲများသို့ လည်းကောင်း၊ MAGDPL ရုံးချုပ်တွင် လည်းကောင်း၊ လူကြီးမင်းတို့၏ လက်ဝယ်ကိုင်ဆောင်ထားသော ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာ လက်မှတ်မူရင်းများကို အီလက်ထရောနစ်ပုံစံ (Electronic Form) သို့ ပြောင်းလဲခြင်းအား (၃၀-၄-၂၀၂၄) ရက်နေ့မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်းနှင့် (၁၄-၅-၂၀၂၄) ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းစဉ်အား ဆောင်ရွက်ထားခဲ့မှုမရှိပါက ရန်ကုန်စတော့အိတ်ချိန်း၌ ကျွန်ုပ်တို့ မှတ်ပုံတင်ကုမ္ပဏီ ဖြစ်ပြီးနောက်ပိုင်းတွင် လူကြီးမင်းတို့၏ အစုရှယ်ယာများသည် ရန်ကုန်စတော့အိတ်ချိန်း၏ Special Account သို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ ထို Special Account ရှိ လူကြီးမင်း၏ အစုရှယ်ယာများအား အရောင်းအဝယ်ပြုလုပ်လိုပါက ရန်ကုန်စတော့အိတ်ချိန်းမှ သတ်မှတ်ထားသော ဝန်ဆောင်ခနှင့် လုပ်ငန်းစဉ်အတိုင်း လိုက်နာ၍ Dematerialization process

(လက်ဝယ် ကိုင်ဆောင်ထားသော အစုရှယ်ယာ လက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်) အား ပြန်လည် လုပ်ဆောင်ရမည်ဖြစ်ကြောင်းကိုလည်း အသိပေးအကြောင်းကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် လက်ဝယ်ကိုင်ဆောင်ထားသော အများပိုင် ကုမ္ပဏီ၏ အစုရှယ်ယာ လက်မှတ်မူရင်းများကို အီလက်ထရောနစ်ပုံစံ (Electronic Form) သို့ ပြောင်းလဲခြင်းအား (၃၀-၄-၂၀၂၄) ရက်နေ့မှ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်းနှင့် အကြောင်း ကြောင်းကြောင့် အစုရှယ်ယာရှင်အမည်များ ပြောင်းလဲလိုပါက ၃၀-၄-၂၀၂၄ မှစ၍ ၁၄-၅-၂၀၂၄ နေ့အတွင်း သက်ဆိုင်သည့် စာရွက်စာတမ်း အပြည့်အစုံဖြင့် MAGDPL ရုံးချုပ်တွင် အချိန်မီ ပြောင်းလဲနိုင်ပါကြောင်းနှင့် ၁၅-၅-၂၀၂၄ မှ မှတ်ပုံတင်ကုမ္ပဏီ ဖြစ်သည့်နေ့အထိ အစုရှယ်ယာလွှဲ ပြောင်းခြင်း၊ အမည်ပြောင်းလဲခြင်းများအား ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း တစ်ပါ တည်း အသိပေးအကြောင်းကြား အပ်ပါသည်။

**လေးစားစွာဖြင့်**

**ထွန်းလွင်**

**ဥက္ကဋ္ဌ**

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး**

**အများပိုင်ကုမ္ပဏီလီမိတက်**